
## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၁၅/၂၀၁၃ )


## (၃.၅.၂၀၁၃ မှ ၉.၅.၂၀၁၃ ထိ )

၁။ **၂၀၁၂-၂၀၁၃ခုနှစ်၊ ပြည်တွင်း၊ ပြည်ပစပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေ။** ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးမှ စပါးတင်း (၁၀၉၀.၈၁၈) သန်း ထွက်ရှိခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ နွေစပါးစိုက်ပျိုးရန် လျာထားဧက (၂.၆၃) သန်းအပေါ် ၃၀.၄.၂၀၁၃ ရက်နေ့ထိ ဧက (၂.၆၀) သန်း (၉၉ %) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရိတ်သိမ်းဧက (၁.၆၆) သန်းအပေါ် ပျမ်းမျှအထွက်နှုန်း (၉၇.၂၁) တင်းဖြင့် အထွက်တင်း (၁၆၂.၂၄)သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ထုတ်ပြန်သည့် USDA ၏ စာရင်းအရ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၅.၁၂ ဟက်တာသန်း **(ဧက ၄၀၇.၈၄၆ သန်း)**၊ အထွက်နှုန်း တစ်ဟက်တာ ၄.၆၁ မက်တန်(**၂၂၀.၈၆၅ တင်း**)၊ စုစုပေါင်းအထွက် မက်တန် ၅၀၉.၄၂ သန်း **(စပါးတင်း ၂၄၄၀၆.၃၁၂ သန်း)**ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆)ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁)အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | စပါးအမျိုးအစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုးအစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုး) | ၁၃၄၀၀၀၀ | ↑ ၁၃၆၀၀၀၀ | မနောသုခ(မိုး) | ၅၇၀၀၀ | ↑ ၅၉၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၂၂၀၀၀၀ | ↑ ၁၂၄၀၀၀၀ | မနောသုခ(နွေသစ်) | ၅၃၀၀၀ | ↑ ၅၅၀၀၀ |
| (ခ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၁၄၉၀၀၀၀ | ↑ ၁၅၁၈၀၀၀ | ဧည့်မထ(မိုး) | ၅၈၀၀၀ | ↑ ၅၉၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၃၉၈၀၀၀ | ↑ ၁၄၂၆၀၀၀ | ဧည့်မထ(နွေသစ်) | ၅၅၀၀၀ | ↑ ၅၆၀၀၀ |
| (ဂ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၁၄၅၀၀၀၀ | ↑ ၁၄၆၀၀၀၀ | ဧည့်မထ(မိုး) | ၅၄၀၀၀ | ↑ ၅၆၀၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၁၄၀၀၀၀၀ | ▬ ၁၄၀၀၀၀၀ | ဧည့်မထ(မိုး) | ၅၂၀၀၀ | ↑ ၅၃၀၀၀ |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၁၇၅၀၀၀၀ | ▬ ၁၇၅၀၀၀၀ | ဧည့်မထ(မိုး) | ၅၉၀၀၀ | ▬ ၅၉၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၁၆၂၀၀၀၀ | ↑ ၁၆၅၀၀၀၀ | ဧည့်မထ(မိုး) | ၆၀၀၀၀ | ↑ ၆၂၀၀၀ |
| (င) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ဧည့်မထ(မိုး) | ၁၉၀၀၀၀၀ | ▬ ၁၉၀၀၀၀၀ | ရေမင်း(မိုး) | ၈၀၀၀၀ | ▬ ၈၀၀၀၀ |
| (စ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ဧည့်မထ(မိုး) | ၁၆၂၅၀၀၀ | ↑ ၁၆၇၀၀၀၀ | ရွှေဝါထွန်း(မိုး) | ၆၅၀၀၀ | ↑ ၇၃၀၀၀ |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဇီယာ(မိုး) | ၁၄၃၀၀၀၀ | ↑ ၁၅၀၀၀၀၀ | ဇီယာ(မိုး) | ၅၇၀၀၀ | ↑ ၅၈၀၀၀ |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၂၀၀၀၀၀၀
၁၈၀၀၀၀၀
၁၆၀၀၀၀၀
၁၄၀၀၀၀၀
၁၂၀၀၀၀၀
၁၀၀၀၀၀၀
၈၀၀၀၀၀
၆၀၀၀၀၀
၄၀၀၀၀၀
၂၀၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်အပတ်
ယခုအပတ်


ညှော့မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၉၀၀၀၀
၈၀၀၀၀
၇၀၀၀၀
၆၀၀၀၀
၅၀၀၀၀
၄၀၀၀၀
၃၀၀၀၀
၂၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်ပတ်
ယခုအပတ်

၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဥ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁၈.၄.၂၃ | ၂၄.၄.၂၃ | ၂.၅.၂၃ | ၈.၅.၂၃ |
| (က) | ထိုင်း | White Rice ၁၀၀% | ၅၂၀ | ၅၁၂ | ၅၁၄ | ↑ ၅၁၈ |
| | | White Rice ၅% | ၅၀၅ | ၄၉၈ | ၄၉၉ | ↑ ၅၀၃ |
| | | White Rice ၂၅% | ၄၉၃ | ၄၈၇ | ၄၈၉ | ↑ ၄၉၁ |
| | | Parboiled Rice ၁၀၀% | ၅၁၇ | ၅၀၉ | ၅၁၁ | ↑ ၅၁၅ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၄၆၇ | ၄၈၇ | ၄၈၇ | ▬ ၄၈၇ |
| | | White Rice ၂၅% | ၄၄၇ | ၄၆၇ | ၄၆၇ | ▬ ၄၆၇ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၄၈၇ | ၅၁၇ | ၅၁၇ | ↑ ၅၂၇ |
| | | White Rice ၂၅% | ၄၄၇ | ၄၈၁ | ၄၈၁ | ↑ ၄၉၁ |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | ၄၂၀ | ၄၄၂ | ၄၄၂ | ▬ ၄၄၂ |
| (င) | မြန်မာ | White Rice ၅% | ၄၈၅-၅၀၀ | ၄၈၅-၅၀၀ | ၄၉၅-၅၀၅ | ▬ ၄၉၅-၅၀၅ |
| | | White Rice ၁၀% | ၄၇၅-၄၈၅ | ၄၇၅-၄၈၅ | ၄၈၅-၄၉၅ | ▬ ၄၈၅-၄၉၅ |
| | | White Rice ၁၅% | ၄၇၀-၄၇၅ | ၄၇၀-၄၇၅ | ၄၈၀-၄၈၅ | ▬ ၄၈၀-၄၈၅ |
| | | White Rice ၂၅% | ၄၆၀-၄၆၅ | ၄၆၀-၄၆၅ | ၄၆၅-၄၇၀ | ▬ ၄၆၅-၄၇၀ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၈.၅.၂၀၂၃ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၅.၁၈၆) သန်း ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ မတ်လ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၇၃.၃၂၅) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၂၈.၄.၂၀၂၃ နေ့ထိ ဆန်တန်ချိန် (၄၄၈၀၆)၊ တန်ဘိုး (၂၀.၃၈၇) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၁၄၆၁၉၅)၊ တန်ဘိုး (၅၀.၇၀၅) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန်(၁၀၁၃၈၉)၊ တန်ဘိုး (၃၀.၃၁၈) USD သန်း လျော့နည်း တင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန် တစ်တန်လိုင်စင်ဈေး FOB ၄၇၀ USD ဖြစ်၍ Earning ဈေး ၂၃၆၄ ကျပ်ဖြင့် တွက်ချက်ပါက FOB ဈေး ၅၀၄ USD ကျသင့်ခြင်းကြောင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုမရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** ထိုင်းနိုင်ငံတွင် အမေရိကန်ဒေါ်လာနှင့်ယှဉ်၍ ငွေကြေးတန်ဖိုး မြင့်တက်ခြင်းနှင့်အတူ ဆန်ဝယ်ယူ သိုလှောင်စုဆောင်းမှုများ ပြန်လည်လုပ်ဆောင်နေခြင်းကြောင့် ဝယ်လိုအားများပြီး ထိုင်းဆန်ဈေးနှုန်းများတက်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဆန်ရောင်းအား လျော့နည်းလာ၍ အရောင်းအဝယ်အေးသော်လည်း ဆန်ဈေးနှုန်းမှာ အမြင့်ဈေးတွင် ငြိမ်နေပါသည်။ အိန္ဒိယနိုင်ငံတွင် ဝယ်အားရှိသော်လည်း ပို့ကုန်ဆန်ဈေးနှုန်းများ ဈေးငြိမ်နေပါသည်။ ပါကစ္စတန်နိုင်ငံတွင် ရေကြီးနစ်မြုပ်မှုကြောင့် စပါးရိတ်သိမ်းမှုနှင့် ဆန်တင်ပို့မှု ထိခိုက်ခဲ့သဖြင့် ဆန်ဈေးတက်ခဲ့ပါသည်။ ပြည်တွင်းစပါး၊ ဆန်ဈေးကွက်၌ ဈေးကွက်အဝင် နည်းခြင်း၊ လှောင်လက်နှင့် စက်ပိုင်ကုန်သည် ရောင်းအားနည်းခြင်း၊ ဒေသတွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရန် ဝယ်လိုအား ရှိနေခြင်းတို့ကြောင့် မြို့နယ်အများစုတွင် စပါး၊ ဆန်ဈေးနှုန်းများ တက်ခဲ့ခြင်းဖြစ်ပါသည်။ ကျန်မြို့နယ်များတွင် စပါး၊ ဆန် ဈေးနှုန်းများငြိမ်နေပြီး ဒေသတွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရန် ဝယ်လိုအားပုံမှန်ရှိနေကြောင်းသိရှိရပါသည်။